# ပြည်ထောင်စု လူ့အခွင့်အရေးကော်မရှင် ဥပဒေ

# Union Human Rights Commission Law

---

## ပြည်ထောင်စု လူ့အခွင့်အရေးကော်မရှင်

(၂၀၂၁ ခုနှစ်၊ ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်    ။)

၁၃၈၂ ခုနှစ်၊

(၂၀၂၁ ခုနှစ်၊     လ     ရက်)

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှင့်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ သည် ဤဥပဒေကို

ပြဋ္ဌာန်းလိုက်သည်။

# မာတိကာ

အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း (၂) မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

အခန်း (၃) ကော်မရှင်ဖွဲ့စည်းခြင်း

အခန်း (၄) ကော်မရှင်အဖွဲ့ဝင်၏ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများ ဖြည့်စွက်ခန့်ထားခြင်း

အခန်း (၅) ကော်မရှင်၏လုပ်ဆောင်ချက်များနှင့် အာဏာများ

အခန်း(၆) ကော်မရှင်အဖွဲ့ရုံးနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း

အခန်း (၇) အထွေထွေ သတ်မှတ်ချက်များ

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စု လူ့အခွင့်အရေးကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတဖက်ဒရယ်ဒီမိုကရက်တစ် မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်သူများ၏ ထောက်ခံမှု၊ တရားဝင်မှုဖြင့် ဖွဲ့စည်းထားသော အရပ်သားအစိုးရ ဦးဆောင်သည့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ သို့မဟုတ် တရားဝင် ဥပဒေနှင့်အညီ အစားထိုးဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့ကို ဆိုသည်။

(ဂ) လွှတ်တော်ဆိုသည်မှာ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် မဖွဲ့စည်းနိုင်သေးမီ အချိန်အထိ ကြားကာလ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ သို့မဟုတ် တရားဝင်ဥပဒေနှင့်အညီ အစားထိုးဖွဲ့စည်းထားသော ဥပဒေပြုရေးအဖွဲ့ကို ဆိုသည်။

(ဃ) သမ္မတ ဆိုသည်မှာ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ သမ္မတ ဖြစ်ပြီး သမ္မတနေရာ လစ်လပ်နေလျှင် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ ၏ ယာယီ သမ္မတ သို့မဟုတ် ဒု-သမ္မတ က ၎င်း၏ကိုယ်စား ဆောင်ရွက်ရမည်။

(င) ပြည်ထောင်စုဝန်ကြီးသည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအတွင်းရှိ ဝန်ကြီး သို့မဟုတ် တရားဝင်ဥပဒေနှင့်အညီ အစားထိုးခန့်အပ်ထားသော အုပ်ချုပ်ရေးအဖွဲ့ ဖြစ်သည်။

(စ) လူ့အခွင့်အရေး ဆိုသည်မှာ-

(၁) ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများ၊

(၂) နိုင်ငံတော်ကလိုက်နာရန်လိုအပ်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများ တွင် ပါရှိသည့်လူ့အခွင့်အရေးများ၊

(၃) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် အသိအမှတ် ပြုထားသော လူ့အခွင့်အရေးများ၊

(ဆ) ကော်မရှင် ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ပြည်ထောင်စုလူ့အခွင့်အရေးကော်မရှင်ကို ဆိုသည်။

(ဇ) ကော်မရှင်အဖွဲ့ဝင် ဆိုသည်မှာ ပြည်ထောင်စုလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဈ) စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့ ဆိုသည်မှာ အခန်း (၃) နှင့်အညီ ကော်မရှင်အဖွဲ့ဝင် စိစစ်ရွေးချယ်ရေး သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်များ အစားထိုးခန့်အပ်ရေးဆိုင်ရာ ကော်မတီကို ဆိုသည်။

(ည) ကော်မရှင်ရုံး ဆိုသည်မှာ ပြည်ထောင်စုလူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်ထောင်စုအဆင့် ရုံး နှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် တည်ထောင်ထားသောရုံးများ ကို ဆိုသည်။

(ဋ) အရပ်ဘက်အဖွဲ့အစည်း(များ) ဆိုသည်မှာ အကျိုးအမြတ်အတွက်မဟုတ်သော၊ လူ့အခွင့်အရေးအခြေခံသော မြန်မာပြည်တွင်း သို့မဟုတ် နယ်စပ်ဒေသများတွင် အခြေစိုက်ဖွဲ့စည်းထားသည့် တရားဝင် မှတ်တင်ပုံထားသော သို့မဟုတ် မှတ်ပုံမတင်ထားသော ရပ်ရွာအခြေပြု သို့မဟုတ် တစ်နိုင်ငံလုံးအဆင့် တွင် လူ့အခွင့်အရေး သို့မဟုတ် သက်ဆိုင်သည့် အကြောင်းအရာအား တိုးတက်လာစေရန်ဆောင်ရွက်နေသည့် အဖွဲ့အစည်း (များ) ကိုဆိုလိုသည်။

## အခန်း (၂)

## မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

၃။ ဤဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက် နှင့် ကော်မရှင် ၏ ရည်ရွယ်ချက်များမှာ ဤဥပဒေကို အကောင်အထည်ဖော်ရန်နှင့် ကော်မရှင်၏ လုပ်ငန်း ဆောင်ရွက်မှုများ အတွက် အခြေခံလမ်းညွှန်မှုများ ဖြစ်ပြီး ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

**ဤဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်**

(က) ပါရီအခြေခံမူများအား လေးစားလိုက်နာမှုရှိသော နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနတစ်ရပ် ပေါ်ပေါက်လာရန် (၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၄၈/၁၃၄ အရ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနနှင့် သက်ဆိုင်သည့် အခြေခံမူများ)၊

(ခ) ဥပဒေ ၏ အခန်း (၂) ပြဋ္ဌာန်းချက်များနှင့် အညီ မြန်မာနိုင်ငံပြည်သူများအပေါ် လွှမ်းခြုံမှုရှိသော ယန္တရားတစ်ခု ဖော်ဆောင် ဆောင်ရွက်ရန်၊

**မျှော်မှန်းချက်**

(ဂ) လူ့အခွင့်အရေးများကို လူသားတိုင်း တပြေးညီ ရယူခံစားနိုင်သည့် လွတ်လပ်ပြီး တရားမျှတမှုရှိသော လူ့အသိုင်းအဝိုင်း ပေါ်ပေါက်လာရေး ဖော်ဆောင်ရန်၊

**ဦးတည်ချက်**

(ဃ) လိင်ဖြစ်တည်မှု၊ ကျား-မ ဖြစ်မှု၊ လိင်စိတ်ခံယူမှု၊ လိင်စိတ်ဝိသေသ၊ တိုင်းရင်းသား၊ ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကား၊ အသားအရောင်၊ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသား သို့မဟုတ် လူမှုအဆင့်အတန်း၊ ရွှေ့ပြောင်းနေထိုင်ရမှုအခြေအနေ၊ နိုင်ငံရေးအမြင် သို့မဟုတ်

အခြားသော အတွေးအခေါ် ရှိမှု ပိုင်ဆိုင်မှု၊ ကိုယ်လက်အင်္ဂါမသန်စွမ်းမှု၊ မွေးဖွားမှု သို့မဟုတ် အခြားအနေအထားများအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများ မရှိဘဲ အခြေခံ လူ့အခွင့်အရေးများကို လူသားတိုင်း ရရှိခံစားနိုင်စေရန်အတွက် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် မြှင့်တင်မှုများ ဆောင်ရွက်ရန်၊

(င) လူ့အခွင့်အရေး စံချိန်စံနှုန်းများကို လွတ်လပ်အမှီခိုကင်းစွာဖြင့် ဘက်မလိုက် မျှတစွာ ချွင်းချက်မရှိ လေးစားလိုက်နာ၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ရန်၊

(စ) လူသားတိုင်း၏ လူ့အခွင့်အရေးများနှင့် ဥပဒေစိုးမိုးရေးကို အခြေပြုတည်ဆောက်ထားသည့် လူ့အသိုင်းအဝိုင်း ဖြစ်လာစေရန် လိုအပ်သော ဦးဆောင်လမ်းညွှန်မှုပေးရန်၊

## ကော်မရှင်၏ ရည်ရွယ်ချက်များ

(ဆ) အစိုးရ နှင့် အစိုးရ မဟုတ်သည့် လုပ်ရှားသူများက ပြည်သူအားလုံး၏ လူ့အခွင့်အရေးအား လေးစားလိုက်နာရေး၊ ကာကွယ်ရေးနှင့် ဖြည့်ဆည်းပေးရေးကို ဆောင်ရွက်မှု သေချာစေရန်

(ဇ) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းပါ အခြေခံမူများကို လေးစားလိုက်နာရန် နှင့် လူ့အခွင့်အရေး ကို လေးစားမှုရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အစိုးရအား ပံ့ပိုးပေးရန်၊

(ဈ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ယန္တရား အစိတ်အပိုင်းများ၊ ကုလသမဂ္ဂ၏ အထွေထွေ ညီလာခံ၊ လုံခြုံရေးကောင်စီနှင့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ဒေသတွင်း သဘောတူညီချက်များနှင့် နိုင်ငံတော်က အတည်ပြုလက်မှတ်ရေးထိုးထားသော ကြေညာစာတမ်းများပါ လူ့အခွင့်အရေးများကို အားပေးမြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ပေး ရန်၊

(ည) သတင်းထောက်များ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ၊ အရပ်ဘက် အဖွဲ့အစည်း အဖွဲ့ဝင်များ နှင့် တက်ကြွလှုပ်ရှားသူများ ၎င်းတို့၏ အလုပ်တာဝန်များအား အနှောင့်အယှက် ကင်းကင်းနှင့် အစိုးရ သို့မဟုတ် အစိုးရမဟုတ်သည့် အစုအဖွဲ့များထံမှ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် အတွက် လုံခြုံမှုနှင့် ကာကွယ်မှုကို သေချာစေရန် ဆောင်ရွက်ရန်

(ဋ) ပြည်သူများ၏ မွေးရာပါ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်၊ နှင့် ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် အဖိနှိပ်ခံနှင့် ဖယ်ကျဉ်ခံထားရသည့် အစုအဖွဲ့များအပါအဝင် ထိခိုက်လွယ် အစုအဖွဲ့များ၏ လူ့အခွင့်အရေးများကို အထူးအသိအမှတ်ပြုမှုဖြင့် ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဌ) မြန်မာနိုင်ငံအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများ အထူးသဖြင့် လူနည်းစုဖြစ်နေကြရသည့် အခြား လူမျိုးစု (တိုင်းရင်းသား) အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် ကျား-မ အခြေပြု ခွဲခြားဆက်ဆံမှု၊ အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများနှင့်သက်ဆိုင်သော မတူကွဲပြား သည့် အတွေ့အကြုံများကို အသိအမှတ်ပြု ရန်၊

(ဍ) လူထုအသိုင်းအဝိုင်းအတွင်း လူ့အခွင့်အရေး ပညာပေးမှု၊ ဆွေးနွေးမှုနှင့် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် ပြည်လည်သင့်မြတ်ရေးကို အစပျိုး လုပ်ဆောင်ရန်၊

(ဎ) လူ့အခွင့်အရေးချိုးဖောက်မှုများကို အများပြည်သူသိစေရေး ထုတ်ပြန်ရန် နှင့် ယင်းချိုးဖောက်မှုများနှင့် ပတ်သက်သော ပြစ်ဒဏ်ပေးအရေးယူခံရမှု ကင်းလွတ်နေခြင်းကို မီးမောင်းထိုးဖော်ပြရန်၊

(ဏ) အများပြည်သူ လူ့အခွင့်အရေး နှင့် ထိစပ်မှုများ ရှိလာရေးအတွက် လက်လှမ်းမှီမှု လွယ်ကူစေရန်

(တ) လူ့အခွင့်အရေးနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် တိုင်ကြားမှုများကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် ကိုင်တွယ်ဖြေရှင်းဖို့ အတွက် ကြိုးစားရန်

(ထ) လွတ်လပ်ခွင့်ဆုံးရှုံးနေသည့် နေရာများကို စောင့်ကြည့်လေ့လာခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊

(ဒ) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဒေသတွင်း လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များရှိ အဖွဲ့အစည်းများ၊ အရပ်ဘက်လူထု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတို့နှင့် ချိတ်ဆက်ညှိနှိုင်း လုပ်ဆောင်ရန် နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

**အခန်း (၃)**

**ကော်မရှင်ဖွဲ့စည်းခြင်း**

၄။ ဤဥပဒေသည် ကော်မရှင်အဖွဲ့ဝင် ဦးရေ အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးအထိ ပါဝင်သော ပြည်ထောင်စုလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

၅။ ကော်မရှင်အဖွဲ့ဝင်လောင်း ရွေးချယ်ရေးအတွက် ရွေးချယ်ရေးဘုတ်အဖွဲ့ကို အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းရမည်။ ရွေးချယ်ရေးကို အောက်ပါအတိုင်းလုပ်ဆောင်ရမည်-

(က) လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးသည် လူ့အခွင့်အရေးဝန်ကြီး၏ လမ်းညွှန်မှုဖြင့် အမျိုးသား လူ့အခွင့်အရေး ဌာနနှင့်ပတ်သက်၍ ကျွမ်းကျင်မှုရှိသော အရပ်ဘက်လူ ထုအဖွဲ့အစည်းများ နှင့် ဆွေးနွေးညှိနှိုင်းဖလှယ်ပွဲ တစ်ခု ကျင်းပပြီး ရွေးချယ်ရေးဘုတ်အတွက် အရပ်ဘက်လူထု အဖွဲ့အစည်းမှ ကိုယ်စားလှယ် ၅ ဦး ရွေးချယ်ရေးကို ဦးတည်လုပ်ဆောင်ရမည်။ ဆွေးနွေးညှိနှိုင်းဖလှယ်ပွဲတွင် အရပ်ဘက်လူထု အဖွဲ့အစည်းမှ ရွေးချယ်သည့် အရပ်ဘက်လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များကို ဘုတ်အဖွဲ့ဝင် ရွေးချယ်ရေးအတွက်

ဒီမိုကရေစီနည်းကျ မဲပေး ရွေးချယ်ရမည် ဖြစ်ပြီး အစည်းအဝေး တက်ရောက်လာသူတစ်ဦးချင်းစီမှ ဘုတ်အဖွဲ့ဝင် ၅ နေရာအတွက် မဲ ၅ ခုကို ထည့်ပေးရမည် ဖြစ်သည်။ မဲအများဆုံး ရရှိသည့် ကိုယ်စားလှယ်လောင်း ၅ ဦးအား လူ့အခွင့်အရေးဝန်ကြီးဌာနထံ တင်ပြရမည်။ ထိုဆွေးနွေးညှိနှိုင်း ဖလှယ်ပွဲကို ဆွေးနွေးပွဲစကားဝိုင်းနှင့် ဒီမိုကရေစီနည်းကျ မဲထည့်ရေး လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်ရမည် ဖြစ်သည်။

(ခ) အစိုးရအဖွဲ့မှ လူ့အခွင့်အရေးဝန်ကြီးနှင့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီး များအနေဖြင့် ရွေးချယ်ရေးဘုတ်အဖွဲ့အတွက် ကိုယ်စားလှယ်တစ်ဦးစီ ရွေးချယ်ပေးရမည်။

(ဂ) လွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးကို လွှတ်တော်၏ လျို့ဝှက်မဲဖြင့် ရွေးချယ်ပြီး မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်နှစ်ဦးသည် ရွေးချယ်ရေးဘုတ်အဖွဲ့ဝင် ဖြစ်လာမည် ဖြစ်သည်။

(ဃ) စုစုပေါင်း လူပုဂ္ဂိုလ် ၉ ဦးသည် ရွေးချယ်ဘုတ်အဖွဲ့တွင် ပါဝင်မည်ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် လူ့အခွင့်အရေး၊ နိုင်ငံတကာ စံချိန်းစံနှုန်းများကို လိုက်နာကျင့်သုံးသူများ ဖြစ်ရမည် ဖြစ်ပြီး ယခု သို့မဟုတ် ယခင်က စစ်တပ်၊ ကာကွယ်ရေး သို့မဟုတ် လုံခြုံရေးအဖွဲ့ဝင်များ မပါဝင်ရပါ။

၆။ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့သည် ကော်မရှင်အတွက် ခန့်အပ်နိုင်ရေး ရွေးချယ်ရာတွင် အောက်ဖော်ပြပါ **စံနှုန်းနှင့်ကိုက်ညီသူ** ၁၅ ဦးကို **ကော်မရှင်အဖွဲ့ဝင်လောင်းများ** အမည်စာရင်းအတွက် တင်သွင်းရမည်။

(က) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများကို သိကျွမ်းနားလည်မှုနှင့် ဆက်စပ်လုပ်ငန်း ကျွမ်းကျင်မှု ရှိခြင်း၊

(ခ) လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လူမှုဖူလုံရေး၊ စုံစမ်းစစ်ဆေးမှုနှင့် လေ့လာစောင့်ကြည့်မှုများကတစ်ဆင့်လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း ပညာရပ်ဆိုင်ရာ၊ လူပ်ရှားမှုဆိုင်ရာ သို့မဟုတ် အရပ်ဘက် အဖွဲ့အစည်း အတွေ့အကြုံများ ရှိခြင်း၊

(ဂ) လူ့အခွင့်အရေး အခြေခံစံချိန်စံနှုန်းများကို ကိုယ်တိုင် လေးစားလိုက်နာခြင်း၊ နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များ၊ မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းများနှင့် အရပ်ဘက်အတွင်းရှိ အစုအဖွဲ့များကို သိရှိနားလည်ခြင်း၊

(ဃ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ တာဝန်များကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ ထမ်းဆောင်နိုင်စွမ်း ရှိခြင်း၊

(င) လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကိုယ်တိုင်ကျူးလွန်သူဖြစ်စေ၊ ကျူးလွန်မှုများကို အားပေး ကူညီသူ သို့မဟုတ် ကာကွယ်ပေးသူ ဖြစ်စေ၊ သို့မဟုတ် တာဝန်ရှိသူ သို့မဟုတ် စပ်ဆက်မှုရှိသူ စသည့်မှတ်တမ်း မရှိခြင်း၊

(စ) အခန်း (၂) ပါ ကော်မရှင်၏ မျှော်မှန်းချက် အောင်မြင်ရေးအတွက် ခံယူချက်ရှိသူ ဖြစ်ခြင်း၊

၇။ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ အဖွဲ့ဝင်လောင်းများ မရွေးချယ်မီ -

(က) မတူကွဲပြားသောအစုအဖွဲ့မှ ဖြစ်နိုင်ခြေရှိသည့် အဖွဲ့ဝင်လောင်းများ ပါဝင်လာစေရန် လျှောက်လွှာခေါ်ဆိုမှုကို ကျယ်ကျယ်ပြန့်ပြန့် ကြေညာခြင်း၊

(ခ) လျှောက်လွှာခေါ်ယူမှု၊ စစ်ဆေးမှု၊ ရွေးချယ်မှုနှင့် ခန့်အပ်မှု အဆင့်များတွင် ပွင့်လင်းမြင်သာမှုရှိစေရန် ကျယ်ပြန့်သော ညှိနှိုင်းဆွေးနွေးမှုများနှင့် အများပူးပေါင်းပါဝင်မှု အတွက် နည်းနာများကို လက်တွေ့ ဆောင်ရွက်ခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ဝင်များတွင် ရှိသင့်သည့် အတွေ့အကြုံ၊ အရည်အချင်းနှင့် အရည်အသွေးများကို ရှင်းလင်းချပြခြင်း၊ နှင့် ရွေးချယ်မည့် စံသတ်မှတ်ချက်များကို အများပြည်သူနှင့် ဖြစ်နိုင်ခြေရှိသော ကိုယ်စားလှယ်လောင်းများအား ဖလှယ်ပေးခြင်း၊

၈။ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရာတွင်-

(က) ကော်မရှင်အဖွဲ့ဝင် စုစုပေါင်း၏ အနည်းဆုံး သုံးပုံ နှစ်ပုံ အရေအတွက်သည် အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးစုများ၊ LGBTQI များ၊ အခြားနည်းဖြင့် သန်စွမ်းသူများနှင့် ဘာသာရေး လူနည်းစုများကို ကိုယ်စားပြုမှုရှိစေရေး သေချာစေရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ရမည်။

(ခ) တိုင်းရင်းသားလူမျိုးစု၊ အသက်အရွယ်၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများ အပါအဝင် အမျိုးသားနှင့် အမျိုးသမီး၊ မတူကွဲပြားသော လူမှုအဝန်းအဝိုင်းတို့၏ ကိုယ်စားပြုမှု တန်းတူရေးကို သေချာစေရန် လုပ်ဆောင်ရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်လောင်း စစ်ဆေးခြင်းကို ရက် (၃၀) အချိန်ပေးလုပ်ဆောင်ခြင်းနှင့် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာရမည်။

(ဃ) ကော်မရှင်အဖွဲ့ဝင်လောင်းများ ကို ပုဒ်မ ၇ နှင့်အညီ စိစစ်ရွေးချယ်ရမည်။

(င) စိစစ်ရွေးချယ်ထားသည့် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို စစ်ဆေးမှု အချိန်ကာလ ပြီးဆုံးပြီးနောက် ၁၄ ရက်တာအတွင်း လွှတ်တော်သို့ တင်သွင်းရမည်၊

(စ) လွှတ်တော်၏ အများစုအတည်ပြုချက်ဖြင့် အစိုးရက ကော်မရှင်အဖွဲ့ဝင်များကို အတည်ပြုခန့်အပ်ပြီးလျှင် ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့၏ တာဝန်များ ပြီးဆုံးပြီဟု မှတ်ယူသည်။

၉။ -

(က) ကော်မရှင်အဖွဲ့ဝင် **ခန့်အပ်ရေးအတွက်** စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့က တင်သွင်းထားသည့် ကိုယ်စားလှယ်လောင်းများစာရင်းထဲမှ ၉ ဦးကို လွှတ်တော်၏ လျှို့ဝှက်မဲဆန္ဒဖြင့် အပြီးသတ် ရွေးချယ်ပေးရမည်။ မဲအရေအတွက်အများဆုံးအပေါ် မူတည်၍ ကော်မရှင် ဥက္ကဌ နှင့် ဒု-ဥက္ကဌ တို့ကို ခန့်အပ်ရမည်။

(ခ) လွှတ်တော်သည် ကော်မရှင်အဖွဲ့ဝင် အနည်းဆုံးအရေအတွက်ကို ခန့်အပ်နိုင်ခြင်းမရှိလျှင် လစ်လပ်နေရာများကို ဖြည့်ဆည်းရန်အတွက် လျှောက်လွှာခေါ်ယူမှုကို အသစ်တစ်ဖန်

ထပ်မံလုပ်ဆောင်ရမည်။ ရွေးချယ်ခန့်အပ်ခံရသူများက ရှေ့ဆက်ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

၁၀။ လွှတ်တော်သည် ရွေးချယ်ခံထားရသည့် ကော်မရှင်လောင်းစာရင်းအား ကြေညာချက် ထုတ်ပြန်ရန်အတွက် အစိုးရသို့ ပေးပို့ရမည်။

၁၁။ ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရသူသည် ရွေးချယ်ခန့်အပ်မှုမတိုင်မီ-

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဝင်ရောက် စွက်ဖက်နိုင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပ ဌာနဆိုင်ရာ သို့မဟုတ် အဖွဲ့အစည်း လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

၁၂။ ကော်မရှင်အဖွဲ့ဝင်သည် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာဖြင့် ကော်မရှင်၏ လုပ်ငန်းတာဝန်ကို လုပ်ကိုင်ဆောင်ရွက်ရန် နှင့် ကော်မရှင်၏ လုပ်ငန်းများကို ထိခိုက်နိုင်သည့် အခြားသော လှုပ်ရှားမှု သို့မဟုတ် ယူဆရသော လှုပ်ရှားမှုများ သို့မဟုတ် အကျိုးစီးပွားဝိရောဓိကို အမှန်တကယ်ဖြစ်စေနိုင်သော သို့မဟုတ် ဖြစ်နိုင်သည်ဟု သိရှိပါက ၎င်း လှုပ်ရှားမှုများကို ရှောင်ကြဉ်ရမည်။

၁၃။ -

(က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ်လည်းကောင်း သတ်မှတ်သည်။

(ခ) ပုဒ်မခွဲ ၁၃ (က) နှင့်အညီ သတ်မှတ်သော ဝန်ကြီးဌာနအဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ ကုန်ကျစရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့် ရှိစေရမည်။

## အခန်း (၄)

## ကော်မရှင်အဖွဲ့ဝင်၏ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများ ဖြည့်စွက်ခန့်ထားခြင်း

၁၄။ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် (၅) နှစ် ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ခုထက် ပိုမိုတာဝန် ထမ်းဆောင်ခွင့် မရှိစေရ။

၁၅။ လက်ရှိတာဝန် ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်သည် ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး ကော်မရှင်အဖွဲ့ဝင် အသစ်ခန့်အပ်ပြီးသည့်အချိန်အထိ မိမိတာဝန်များကို ဆက်လက် ထမ်းဆောင်ရမည်။

၁၆။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒ အလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို သမ္မတထံသို့ စာပေးပို့တင်ပြနိုင်သည်။

၁၇။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌ မှတစ်ဆင့် သမ္မတထံ စာပေးပို့တင်ပြနိုင်သည်။

၁၈။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် ၎င်း၏ ဆန္ဒမပါဘဲ တာဝန်မှ ရပ်စဲခံရခြင်းမရှိစေဘဲ ပုဒ်မ ၁၈ ပါ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်မှသာလျှင် သမ္မတနှင့် လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌတို့၏ စုံစမ်းစစ်ဆေးမှု အား အခြေခံအပြည့်အဝ သဘောတူညီမှုဖြင့်သာ တာဝန်မှ ရပ်စဲနိုင်သည် -

(က) ဥပဒေအရသတ်မှတ်ထားသော ဆေးဘက်ဆိုင်ရာ စစ်ဆေးချက်အရ သေဆုံးခြင်း သို့မဟုတ် ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် လုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) ကော်မရှင်အဖွဲ့ဝင်သည် တည်ဆဲဥပဒေအရ တရားရုံးတစ်ခုခုက ကော်မရှင်၏ အများယုံကြည်မှု၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်နှင့် တာဝန်ယူမှုတာဝန်ခံမှုများကို ထိခိုက်စေသည့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ချမှတ်ထားသော ကော်မရှင်၏ စည်းကမ်းချက်များအား လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဃ) ကော်မရှင်အဖွဲ့ဝင်သည် လူ့အခွင့်အရေးဖောက်ဖျက်မှု သို့မဟုတ် ချိုးဖောက်မှုများ ကျူးလွန်ထားသည်ဟု စိစစ်တွေ့ရှိခြင်း၊

(င) ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုကြောင်း နှင့်/သို့မဟုတ် အကျင့်ပျက်ခြစားကြောင်း စုံစမ်းတွေ့ရှိခြင်း သို့မဟုတ် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

၁၉။ -

(က) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ သို့မဟုတ် ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင် နေရာ လစ်လပ်လျှင် သမ္မတက ရက် (၃၀) အတွင်း အစားထိုး ရွေးချယ်ခန့်အပ်ပေးရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်သစ် စိစစ်ရွေးချယ်ရာတွင် စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့က တင်သွင်းခဲ့သည့် ယခင် ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်း ပါ ကျန်ရှိသူများထဲက ပုဒ်မ ၈ ပါ ပြဌာန်းချက်များနှင့်အညီ မဲအရေအတွက်အလိုက် အစားထိုး ခန့်အပ်ခြင်း သို့မဟုတ် ပုဒ်မ ၆ နှင့် ၇ အရ အမည်စာရင်းအသစ် လုပ်ဆောင်ခြင်းအား လွှတ်တော် နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

(ဂ) လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက လွှတ်တော်မှ လစ်လပ်နေရာကို ဖြည့်စွက်ခန့်အပ်နိုင်သည့်အထိ ကျန်အဖွဲ့ဝင် တစ်ဦးဦးအား ယင်းရာထူးနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

၂၀။ ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ကော်မရှင်မှ တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအောက်တွင် လုပ်ဆောင်သည့် လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် လစ်ဟာမှု၊ သို့မဟုတ် စောင့်ကြည့်လေ့လာမှု သို့မဟုတ် ထင်မြင်ချက် ထုတ်ပြန်မှုတို့အပေါ် ရာဇဝတ်မှု သို့မဟုတ် တရားမမှုများဖြင့် တရားစွဲဆိုမှု မပြုရ။

၂၁။ ကော်မရှင်ဥက္ကဋ္ဌသည် ခိုင်လုံသည့်အကြောင်း တစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်း မရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၂၂။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ လုပ်ဆောင်မှုတစ်ခုသည် ကော်မရှင်၏ အခြေခံမူများကို ဆန့်ကျင်ခြင်း သို့မဟုတ် လူ့အခွင့်အရေးစံချိန်စံနှုန်းများကို ချိုးဖောက်ပါက ကော်မရှင်ဥက္ကဌ သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်များက သတိပေးမှုများ လုပ်ဆောင်ခြင်းနှင့် စုံစမ်းစစ်ဆေးမှုများ ချက်ခြင်း လုပ်ဆောင်ရမည်။

## အခန်း (၅)

## ကော်မရှင်၏လုပ်ဆောင်ချက်များနှင့် အာဏာများ

၂၃။ ကော်မရှင်သည် လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် အောက်ပါ လုပ်ဆောင်မှုများနှင့် အာဏာများ ရှိသည်-

**လူ့အခွင့်အရေး ကာကွယ်ရေး ဆိုင်ရာ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်၊**

(က) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာလုပ်ငန်းများအတွက် ရှေ့ပြေးလုပ်ငန်းများ စတင်လုပ်ဆောင်ရေးကို အစိုးရနှင့် ညှိနှိုင်းလုပ်ဆောင်ရန် အထူးလုပ်ငန်းအဖွဲ့များ သို့မဟုတ် အလုပ်အဖွဲ့များ ဖွဲ့စည်းရန်၊

(ခ) နိုင်ငံက အတည်ပြုလက်မှတ်ထိုး သင့်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်း များကို အတည်ပြုလက်မှတ်ထိုးရန် အစိုးရအား အကြံပြုတိုက်တွန်းခြင်း၊

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်မှုရှိကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက သင့်လျော်သည့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် ယင်း လူ့အခွင့်အရေး ဖောက်ဖျက်မှုများ ဆက်လက်

မဖြစ်ပေါ်စေရေးနှင့် အလားတူဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ဃ) သတင်းသမားများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဘက်လူထုအဖွဲ့အစည်း ဝင်များနှင့် တက်ကြွလှုပ်ရှားသူများအား လုံခြုံမှုနှင့် အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် အပြန်အလှန်ဆွေးနွေးမှုများကို လစဉ် လုပ်ဆောင် နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းရန်၊

(င) ကော်မရှင်၏ လုပ်ငန်းတာဝန်နှင့် လုပ်ဆောင်မှုများတွင် ကျား-မအခြေခံသော ကိစ္စရပ်များကို ထည့်သွင်းဆောင်ရွက်ခြင်း၊

(စ) တရားရေးဆောင်ရွက်ချက် သို့မဟုတ် အရေးကြီးသော လူ့အခွင့်အရေး ဥပဒေနှင့် အချက်အလက်ဆိုင်ရာ အရေးကြီးသောကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များရှိ တရားရုံးများ၏ ခွင့်ပြုချက် ဖြင့် အတူ ဝင်ရောက်လုပ်ကိုင်မှုများ လုပ်ဆောင်ခြင်း၊

**လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူထုအသိပညာပေးရေး** ဆိုင်ရာ လုပ်ငန်းတာဝန် များမှာ အောက်ပါတိုင်းဖြစ်သည်-

(ဆ) အများပြည်သူ၏ အကျိုးစီးပွားဆိုင်ရာ အကြောင်းကိစ္စရပ်များအတွက် လွှတ်တော်၊ အုပ်ချုပ်ရေး သို့မဟုတ် လူထုဟောပြောမှုများမှ ပြန်လည်တုံ့ပြန်ခြင်း၊

(ဇ) အစိုးရနှင့် ဆုံးဖြတ်ချက်ချသူများအား တိုက်ရိုက်လက်လှမ်းမီမှုရှိစေရေးအတွက် အရပ်ဘက်လူထု အသိုင်းအဝိုင်းနှင့် အစိုးရတို့အကြား ကြားခံညှိနှိုင်းသူအဖြစ် အကျိုးဆောင်ခြင်း

(ဈ) အသိပညာပေးရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် မြှင့်တင်ရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ဒေသခံ ဘာသာစကားအသုံးအနှုန်းများနှင့် ဘာသာစကားမျိုးစုံဖြင့် ဖြန့်ဝေရေး သေချာစွာလုပ်ဆောင်ခြင်း၊

(ည) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ပညာပေးမှုဆောင်ရွက်များကို တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများထံ ရောက်ရှိရေးသေချာစွာလုပ်ဆောင်ခြင်း၊

(ဍ) အများပြည်သူ၏ အသိပညာမြှင့်တင်ခြင်းနှင့် ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်အားလုံးကို တိုက်ဖျက်သည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းအစီအစဉ်များအား အားပေးမြှင့်တင်ခြင်းအပါအဝင် သတင်းအချက် အလက်များဖြန့်ချိခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အများပြည်သူအား ပညာပေးခြင်း၊

(ဎ) ပညာပေးခြင်းလုပ်ဆောင်မှုများကို သက်ဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစု အဖွဲ့အစည်းများ၊ ကျောင်းများနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ နှင့် အခြားသော သက်ဆိုင်သူများနှင့် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းဖော်ဆောင်၍ ပြည်သူလူထုအား ပညာပေးရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း၊

(ဏ) ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ လှုပ်ရှားမှုများနှင့်ပတ်သက်၍ အများပြည်သူသိစေရန် မီဒီယာနှင့် အွန်လိုင်းလမ်းကြောင်းများမှ ပုံမှန်ထုတ်ပြန်ခြင်း၊

**သုတေသန နှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။**

(ဂ) အစိုးရနှင့် လွှတ်တော်တို့၏ ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများအပေါ် လိုက်နာမှုရှိ၊ မရှိကို စောင့်ကြည့်အကဲဖြတ်ခြင်း၊

(ဏ) အစိုးရ၏ အကြံပြုတင်ပြသော ဥပဒေပြင်ဆင်ချက်များ၊ ဥပဒေမူကြမ်းများ၊ လက်ရှိတည်ဆဲ ဥပဒေများ နှင့် ဥပဒေသစ်များအတွက် အကြံပြုတိုက်တွန်းချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များ သို့မဟုတ် အစားထိုးပြင်ဆင်ချက်များကို စောင့်ကြည့်လေ့လာခြင်းဖြင့် ပြည်တွင်းဥပဒေသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများကို ဆီလျော်မှုရှိစေရေး လွှတ်တော်သို့တင်ပြခြင်း၊

(တ) နိုင်ငံ၏ လုပ်ဆောင်ချက်များနှင့် ချမှတ်ထားသော ဥပဒေများသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံနှုန်းများနှင့်အညီ ဖြစ်စေရန် အစိုးရ၊ လွှတ်တော်၊ တရားရုံး သို့မဟုတ် နိုင်ငံ၏ တရားဝင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်ဖြင့် နည်းပညာပိုင်းဆိုင်ရာ အကြံပြုမှု၊ လူ့အခွင့်အရေးဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်၊ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို လုပ်ဆောင်ပေးခြင်း၊

(ထ) လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာတိုင်တန်းချက်အပေါ် ကျူးလွန်သူ မည်သူမဆို စုံစမ်းစစ်ဆေးခြင်းကို ကျူးလွန်သူမှ တုံ့ပြန်မှုကို အချိန်ကန့်သတ် သတ်မှတ်ခြင်း နှင့် နောက်ဆက်တွဲ ယန္တရားများကို လုပ်ပိုင်ခွင့်အာဏာဖြင့် ဆောင်ရွက်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာ အကြံပြုမှု၊ လူ့အခွင့်အရေးဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်၊ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို လုပ်ဆောင်ပေးခြင်း၊

(ဒ) လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် မှတ်တမ်းတင်ခြင်းလုပ်ဆောင်မှုများကို အထူးအဖွဲ့ သို့မဟုတ် အလုပ်အဖွဲ့မှတစ်ဆင့် လုပ်ဆောင်ခြင်း၊

(ဓ) အာဏာပိုင်များမှ အမှုနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်မှု အစီရင်စာ သို့မဟုတ် ကော်မရှင်၏ လည်ပတ်လုပ်ဆောင်မှုနှင့်ပတ်သက်သော စွမ်းဆောင်ရည် အစီရင်ခံစာ ပြင်ဆင်ရန်၊

(န) နိုင်ငံတွင်း မငြိမ်သက်မှုများ သို့မဟုတ် ပြည်တွင်းပဋိပက္ခ အခြေအနေတွင်-

၁) လူ့အခွင့်အရေးအခြေအနေများကို အမြင့်ဆုံး သတိဝိရိယနှင့် လွတ်လပ်မှုတို့ဖြင့် စောင့်ကြည့်လေ့လာခြင်း၊

၂) လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သော ထုတ်ပြန်ချက်များ နှင့် လွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာများမှတစ်ဆင့် စောင့်ကြည့်လေ့လာမှုများနှင့် ပုံမှန်ထုတ်ပြန်မှုများ လုပ်ဆောင်ခြင်း၊

၃) လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ သေချာတိကျပြီး စနစ်တကျရှိသော နောက်ဆက်တွဲ လုပ်ကိုင်ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်း၊

၄) ပြစ်ဒဏ်ပေးအရေးခံရခြင်း ကင်းလွတ်မှုကို တိုက်ဖျက်ရန်အတွက် တွေ့ရှိချက်များနှင့် အကြံပြုချက်များကို စည်းရုံးလှုံ့ဆော်ရန် နှင့် လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်သူများကို အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊

**ပြည်တွင်း၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ** လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ပ) အစိုးရနှင့် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေး ပိုမိုကောင်းမွန်လာစေရေး ပူးပေါင်းလုပ်ဆောင်ခြင်း၊

(ဖ) အခြား ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဗ) အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှုများတစ်ဆင့် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များရှိ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း နှင့် ၎င်းတို့၏ အကြံပြုတိုက်တွန်းချက်များကို လက်ခံခြင်း၊

(ဘ) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင် လည်းကောင်း၊ အဆိုပါအစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီပေးခြင်း။ ကော်မရှင်အနေဖြင့်လည်း မိမိတို့၏ အစီရင်ခံစာများကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်ဆွေးနွေးပွဲ (UPR) အပါအဝင် စာချုပ်စာတမ်းနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများသို့ ကန့်သတ်မှုမရှိဘဲ အစိုးရနှင့် သက်ဆိုင်မှုမရှိဘဲ လွတ်လပ်စွာ သင့်လျော်သလို တင်သွင်းခြင်း၊

(မ) နိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေ၊ ကော်မရှင်၏ လုပ်ကိုင်ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် သင့်လျော်သည့်အကြံပြုတိုက်တွန်းချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်နှင့် အစိုးရသို့ တင်ပြရန်နှင့် နှစ်မကုန်ဆုံးမီ ရက် (၃၀) အတွင်း ဆွေးနွေးတိုင်ပင်မှုနှင့် အခြေအတင်ဆွေးနွေးမှုများ လုပ်ဆောင်ခြင်း၊

(ယ) လူ့အခွင့်အရေးကိစ္စရပ်များနှင့်ပတ်သက်သည့် အထူးအစီရင်ခံစာများကို လိုအပ်ပါက အစိုးရနှင့် လွှတ်တော်ထံ တင်ပြရန်၊

(ရ) လူ့အခွင့်အရေးအခြေအနေများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သော နိုင်ငံတကာ အဖွဲ့အစည်းများ ထံသို့ အစီရင်ခံစာ တင်သွင်းခြင်းကို လွတ်လပ်စွာဆောင်ရွက်ခြင်း၊

**လူ့အခွင့်အရေးချိုးဖောက်မှုများအား ကြားနာခြင်း၊ ထည့်သွင်းစဉ်းစားခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း** ဆိုင်ရာ လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်

(လ) လူ့အခွင့်အရေးဖောက်ဖျက်မှု တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်များကို ပါရီ အခြေခံမူများနှင့်အညီ လက်ခံရယူပြီး စိစစ် စုံစမ်းစစ်ဆေးခြင်း

(ဝ) စုံစမ်းစစ်ဆေးမှုများအား ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုမှုများ ဖြင့် ဆောင်ရွက်ခွင့် ရှိခြင်း

(သ) အများပြည်သူ လက်လှမ်းမှီနိုင်သည့် တိုင်ကြားလွှာ အစီအမံ သဘောတူညီချက် နှင့် နောက်ဆက်တွဲ ယန္တရား ဖန်တီး၍ ကော်မရှင်အနေဖြင့် မည်သည့် တိုင်ကြားလွှာကို လက်ခံစဉ်းစား၊ စုံစမ်းစစ်ဆေး မည် သို့မဟုတ် အခြား သင့်တော်ရာ တာဝန်ရှိသူသို့ ရည်ညွှန်းမည် သို့မဟုတ် စစ်ဆေးရန် ငြင်းဆိုမည် ဆိုသည့် ဆုံးဖြတ်နိုင်သော အခြေခံ အသေးစိတ်အကြောင်းအရာများချမှတ်ခြင်း

(ဟ) လူပုဂ္ဂိုလ်တစ်ဦးချင်း ဖြစ်စေ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးကိုယ်စားဖြစ်စေ သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်း သို့မဟုတ် အခြားလူအုပ်စုကိုယ်စားပြု အဖွဲ့အစည်းဖြစ်စေ တိုင်ကြားလာသည့် အကြောင်းအချင်းအရာများ၊ ပြည်သူ သို့မဟုတ် ပုဂ္ဂလိက လုပ်ရှားသူများ ၏ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များ အား စုံစမ်းစစ်ဆေးခြင်းမှုများ ဆောင်ရွက်ခြင်း၊

(ဠ) တိုင်တန်းသူ၏ အချက်အလက်များအား လုံခြုံရေးအရ တင်းကျပ်စွာ လျှို့ဝှက်သိမ်းဆည်း ထားရမည်။

(အ) ကော်မရှင်သည် တိုင်ကြားမှုများ ပြုလုပ်သည့် ပုဂ္ဂိုလ်၏ အမည် နှင့် အခြား သက်သေခံနိုင်သည့် အချက်အလက်များအား တိုင်ကြားမှုအား စုံစမ်းစစ်ဆေးခြင်း ၊ သက်သေထွက်ဆိုခြင်း၊ သက်သေအထောက်အထား မှတ်တမ်းယူခြင်း လုပ်ငန်းများ မပြီးဆုံးသေးခင် ထုတ်ပြန်ခြင်း သို့မဟုတ် အများပြည်သူသို့ ဖွင့်ချခြင်း များအား အဆိုပါပုဂ္ဂိုလ်၏ ခွင့်ပြုချက်မပါဘဲ ဆောင်ရွက်ခွင့်မရှိစေရန် သေချာစေခြင်း

(ကက) လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် တိုင်ကြားလာသူများ ရသင့်ရထိုက်သည့် နစ်နာကြေး၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်း ဆိုင်ရာ ကုစားမှု အစီအစဉ်များ အကြောင်း တိုင်ကြားလာသူ များအား အသိပေးခြင်း

(ခခ) တိုင်ကြားချက်အား သေချာစွာ လေ့လာဆန်းစစ်ပြီးသည့်အခါ အဆုံးသတ် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အတွက် အခြား ကျွမ်းကျင်တာဝန်ရှိသူများ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များရှိ ဥပဒေ တရားရုံးများ နှင့် ခုံရုံးများ သို့ အမှုကိစ္စအား သင့်တော်သည့် အခြေအနေများတွင် လွှဲပြောင်းပေးခြင်း

(ဂဂ) တိုင်ကြားချက် ဖြေရှင်းရေး ဆောင်ရွက်ရာတွင် သဟဇာတ ဖြစ်၍ လုံခြုံရေးအရ တင်းကျပ်စွာ ချမှတ်ထားသည့် သမာရိုးကျမဟုတ်သော ပဋိပက္ခဖြေရှင်းရေး ဖြစ်စဉ်အားဖြင့် ပြေလည်စေရန် လမ်းကြောင်း ရှာဖွေသည့် ကိုယ်ပိုင်ဆင်ခြင်တုံတရား ရှိခြင်း

(ဃဃ) တိုင်ကြားချက်များ ဖြေရှင်းရာတွင် တရားဝင် တာဝန်ခံမှုရှိသည့် ပိုင်းဖြတ်မှုဖြင့် ဆောင်ရွက်ရန် လိမ္မာသိုသိပ်မှုရှိခြင်း

(ငင) စုံစမ်းစစ်ဆေးမှုများ အကြောင်းအရာအလိုက် ပြီးဆုံးသည့်အခါ ကော်မရှင်သည် တိုင်ကြားမှုများ၏နောက်ဆက်တွဲ တွေ့ရှိချက်များနှင့် စုံစမ်းစစ်ဆေးမှုများ၊ ဥပဒေ ပြင်ဆင်ရန် အကြံပြုချက်များ၊ ဥပဒေ ပြုပြင်ပြောင်းလဲရေး နှင့် အုပ်ချုပ်ရေး အမူအကျင့်များ နှင့် ၎င်းကဲ့သို့ အပြောင်းအလဲများအား အစိုးရနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ အကြံပြုတင်ပြခြင်း

(စစ) တိုင်ကြားချက်များအား လက်ခံရရှိပြီး ရက်ပေါင်း (၃၀) အတွင်း တိုင်ကြားသူများအား တုံ့ပြန်ချက်ပေးပို့ခြင်း

(ဆဆ) တိုင်ကြားသူထံမှ အရေးကြီးသည့် သတင်းအချက်အလက်များအား ကော်မရှင်က သတ်မှတ်ထားသည့် ဆက်သွယ်ဆက်ဆံရေး လမ်းကြောင်းများထဲက တစ်ခုမှ တဆင့် တောင်းဆိုခြင်း

(ဇဇ) ကော်မရှင်သည် အသေးစိတ် နောက်ဆက်တွဲ လုပ်ငန်းစဉ်များ အား ယခုဥပဒေ၏ အခြေခံမူများနှင့်အညီ တည်ဆောက်၍ တိုင်ကြားချက်နှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများတွင် ပါဝင်ခြင်း

(ညည) လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် ကျူးလွန်ခံရသူများ အတွက် လျော်ကြေး၊ နစ်နာကြေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း အထောက်အပံ့များ အတွက် အစီအစဉ် ဖော်ဆောင်ခြင်း

၂၄။ ကော်မရှင်၏ လုပ်ပိုင်ခွင့် အတွင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုလုပ်နေသည့် အကြောင်းအရာပေါ် ရာဇဝတ်မှု တရားစွဲဆိုမှုများ သို့မဟုတ် အခြား ဥပဒေနှင့်အညီ ခုံရုံးဖွဲ့ စစ်ဆေးဆုံးဖြတ်မှုများ၏ စီရင်ဆုံးဖြတ်မှုများအပေါ် ယခုဥပဒေပါ ပြဋ္ဌာန်းချက်များ သည် သက်ရောက်မှု မရှိစေရ။

၂၅။ သက်သေအထောက်အထားများကို ဖော်ထုတ်ခိုင်းခြင်း၊ လူကိုယ်တိုင် သက်သေခံစေခြင်း၊ စာဖြင့်ရေးသားသော သက်သေခံချက်များ၊ ကျူးလွန်ခံရသူမှ နှုတ်ဖြင့် ထုတ်ဖော်သည့် သက်သေခံချက်များ ကို ဖော်ထုတ်စေခြင်းနှင့် ရဲများအား မှုခင်းဆိုင်ရာ အထောက်အထားများနှင့် ဤဥပဒေကို အကောင်အထည်ဖော်ရန် ထိုကဲ့သို့ အခြား အထောက်အထားများကို ဖော်ထုတ်ခိုင်းခြင်းတို့အတွက် ကော်မရှင်တွင် အခွင့်အာဏာ ရှိသည်။

၂၆။ ကော်မရှင်သည် အများပြည်သူ၏ အကျိုးစီးပွားအတွက် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်အပေါ်တွင်မဆို စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်နိုင်သည့် အခွင့်အာဏာရှိသည်။

၂၇။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်ရှိသည့် နေရာသို့ သွားရောက်ရန် အခွင့်အာဏာရှိသည်။

၂၈။ ကော်မရှင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုခံရမှု ဖြစ်ရပ် အခြေအနေများနှင့်ပတ်သက်၍ ရှေ့နေများ၊ သတင်းမီဒီယာများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မိသားစုများနှင့် ဆက်သွယ်၍ လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်ခံရသူများအား လိုအပ်သော အကူအညီများပေးနိုင်သည်။

၂၉။ လက်ရှိ လုပ်ဆောင်နေသော တရားရုံးအမှု၊ ရဲ စုံစမ်းစစ်ဆေးမှု၊ စစ်ခုံရုံး သို့မဟုတ် တခြား မည်သည့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် တရားစီရင်ရေး လုပ်ဆောင်မှုများ ရှိနေသည်ဖြစ်စေ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထည့်သွင်းစဉ်းစားရန် သို့မဟုတ် စုံစမ်းစစ်ဆေးရန် ကော်မရှင်တွင် အခွင့်အာဏာရှိသည်။

၃၀။ -

(က) ကော်မရှင်ကို အချက်အလက်များ သို့မဟုတ် သက်သေအထောက်အထားများ အမှန်တကယ်ပေးသော သို့မဟုတ် ပေးနိုင်ခြေရှိသော သို့မဟုတ် ပေးရန် အဆိုပြုနေသော၊ သို့မဟုတ် ကော်မရှင်၏ လုပ်ငန်းဆောင်တာများ ထမ်းဆောင်ရာတွင် ကော်မရှင် ကို တစ်နည်းနည်းဖြင့် ကူညီသော သို့မဟုတ် ထိစပ်လုပ်ဆောင်သော အခြားလူတစ်ဦး တစ်ယောက်ကို တစ်စုံတစ်ယောက်က ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရ ဖြစ်စေခြင်း သို့မဟုတ် တခြား နည်းလမ်းတစ်ခုခုဖြင့် ခြိမ်းခြောက်ခြင်း၊ စော်ကားခြင်း၊ နှောင့်ယှက်ခြင်း၊ ထိခိုက်ဒဏ်ရာ ရစေခြင်း၊ သို့မဟုတ် တခြားတစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း သို့မဟုတ် မလျော်မကန်ပြုမူခြင်း လုပ်ဆောင်ခဲ့ပါက ထိုသူသည် ရာဇဝတ်မှုကို ကျူးလွန်သောကြောင့် ရာဇဝတ်တရားရုံးတွင် တရားစွဲဆိုခြင်းနှင့် အပြစ်ပေးခြင်း ခံရနိုင်သည်။

(ခ) ဤဥပဒေအတွင်း မည်သည့်အရာကမျှ ကော်မရှင်၏ လုပ်ငန်းများကို နှောင့်ယှက်သော သို့မဟုတ် နှောင့်နှေးကြန့်ကြာစေသော သို့မဟုတ် ပုဒ်မ ၃၉ တွင် ဖော်ပြထားသော အပြုအမူများကို ကျူးလွန်သော သို့မဟုတ် ပိုင်ဆိုင်မှုများကို ဖျက်ဆီးသော၊ လူပုဂ္ဂိုလ်(များ) ကို ထိခိုက်ဒဏ်ရာရစေခြင်း၊ အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အခြားသော ရာဇဝတ်ဥပဒေချိုးဖောက်ခြင်းများ ကျူးလွန်းသောသူတစ်ဦးဦးအား ရာဇဝတ်ဆိုင်ရာ အပြစ်ပေး အရေးယူခြင်းအပေါ် ကန့်သတ်မှု မရှိစေရ။

၃၁။ ကော်မရှင်အား အချက်အလက် သို့မဟုတ် သက်သေအထောက်အထား အမှန်တကယ် ပေးသူ သို့မဟုတ် ပေးနိုင်ခြေရှိသူ သို့မဟုတ် ပေးရန် ကမ်းလှမ်းထားသူ သို့မဟုတ် ကော်မရှင်ထံတွင် တိုင်ကြားမှု ပြုသူ သို့မဟုတ် တိုင်ကြားမည်ဟု အဆိုပြုထားသူ သို့မဟုတ် တစ်နည်းနည်းဖြင့် ကော်မရှင်အား ၎င်း၏ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် ကူညီပေးသူ သို့မဟုတ် ထိတွေ့ ဆက်ဆံသူ မည်သူကိုမဆို သင့်လျော်သည်ဟု မြင်ပါက ကော်မရှင်သည် ထို ပံ့ပိုးမှု၊ အကူအညီနှင့် ကာကွယ်မှုများကို တိုးမြှင့်နိုင်သည်။

၃၂။ ကော်မရှင်သည် ဧရိယာနှင့် အဆောက်အဦများအားလုံးကို စစ်ဆေးရန်၊ ထိန်းသိမ်းရေး အဆောက်အဦးများ၊ ထောင်များ၊ ရဲ အချုပ်များ၊ ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှု စခန်းများ

နှင့် အခြား ပိတ်လှောင်ထားသည့်နေရာများ အပါအဝင် လွတ်လပ်ခွင့်ကို ကန့်သတ်ထားသော နေရာများကို ကြိုတင်အသိပေးခြင်းမပြုဘဲ စုံစမ်းစစ်ဆေးရန်နှင့် စောင့်ကြည့်ရန် အခွင့်အာဏာရှိသည်။

(က) ကော်မရှင် အဖွဲ့ဝင်များသည် ထောင်ကျအကျဉ်းသားများ၊ ထောင်ဝန်ထမ်းများ၊ အချုပ်သားများနှင့် ပိတ်လှောင်ခံထားရသူများအား လွတ်လပ်စွာနှင့် သီးသန့် မေးမြန်းခွင့်ရှိသည်။

(ခ) သင့်လျော်သည့်အခါ ကော်မရှင်သည် လွတ်လပ်မှု ကန့်သတ်ခံထားရသောနေရာများအပေါ် အစီရင်ခံခြင်း၊ အကြံပြုတိုက်တွန်းချက်များ ပြုလုပ်ခြင်းနှင့် နောက်ဆက်တွဲ လုပ်ဆောင်မှုများကို ဆောင်ရွက်နိုင်သည်။

(ဂ) လွတ်လပ်မှု ကန့်သတ်ခံထားရသောနေရာများသည် လူ့အခွင့်အရေး စံချိန်စံညွှန်းများ ပြည့်မီခြင်း မရှိပါက ကော်မရှင်သည် ၎င်း၏ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အစိုးရမှ အကောင်အထည်ဖော်လုပ်ဆောင်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်းမှ တစ်ဆင့် လုပ်ဆောင်ပြီး ထိန်းသိမ်းထားသူများ၏ အခွင့်အရေးများနှင့် ထိုတွေ့ရှိချက်များနှင့်သက်ဆိုင်သော အကြံပြုချက်များအပေါ် အကောင်အထည်ဆောင်ရွက်မှုများအား အစိုးရမှ ကော်မရှင်အား အသိပေးရန်အတွက် စည်းရုံးလှုံ့ဆော်ရမည်။

(ဃ) ကော်မရှင်သည် လွတ်လပ်မှု ကန့်သတ်ခံထားရသောနေရာများအတွင်းရှိ ကလေးများနှင့် အခြား ထိရှလွယ်သော အုပ်စုများ အကာအကွယ်ပေးခြင်းအပေါ် ဂရုတစိုက်အလေးထား လုပ်ဆောင်ရမည်။

၃၃။ ကော်မရှင်သည် တိုင်ကြားချက်တစ်ခုအပေါ် စုံစမ်းစစ်ဆေးမှု သို့မဟုတ် ထည့်သွင်းစဉ်းစားမှု လုပ်ဆောင်ပြီးပါက အစိုးရနှင့် လွှတ်တော်သို့ ၎င်း၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို အစီရင်ခံခြင်းနှင့် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ရမည်။

၃၄။ တိုင်ကြားမှု တစ်ခုအပေါ် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ထည့်သွင်းစဉ်းစားခြင်း ပြီးဆုံးသွားသည့်အခါ ကော်မရှင်သည် အောက်ပါတို့ကို လုပ်ဆောင်နိုင်သည်။

(က) သက်ဆိုင်ရာ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ စီးပွားရေး အဖွဲ့အစည်းများ၊ အလုပ်သမား သမဂ္ဂများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပညာရှင် အဖွဲ့အစည်းများထံမှ သက်ဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများ၊

(ခ) ကော်မရှင်၏ စွမ်းဆောင်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာများ ပြင်ဆင်ခြင်းနှင့် အများပြည်သူထံ ပုံမှန် ထုတ်ပြန်ကြေညာခြင်း၊

(ဂ) ကိစ္စရပ်များကို အစိုးရ သို့မဟုတ် လွှတ်တော်သို့ တင်ပြခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း၊

၃၅။ ကော်မရှင်သည် ၎င်း၏ တာဝန်ဝတ္တရားများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော အကြောင်းအရာ ကိစ္စရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ငှားရမ်းနိုင်သည်။

၃၆။ အစိုးရ၊ စစ်တပ်၊ ရဲတပ်ဖွဲ့၊ လုံခြုံရေး တပ်ဖွဲ့များနှင့် အခြား အခွင့်အာဏာမရှိသော ပြင်ပ လူပုဂ္ဂိုလ် အဖွဲ့အစည်းများအနေဖြင့် တိုင်ကြားချက်များနှင့် စုံစမ်းစစ်ဆေးမှုများ အပါအဝင် ကော်မရှင်၏ တာဝန်ဝတ္တရားများနှင့် တာဝန်ယူလုပ်ဆောင်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်းကို တင်းကြပ်စွာ တားမြစ်သည်။

၃၇။ အခန်း (၅) တွင် အသေးစိတ်ဖော်ပြထားသော အစီရင်ခံစာများအားလုံးကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာအပြင် နေရာဒေသအလိုက် သင့်လျော်သည့် လူမျိုး (တိုင်းရင်းသား) ဘာသာစကားများဖြင့် ဖတ်ရှုနိုင်ရန် လုပ်ဆောင်ရမည်။

## အခန်း(၆)

## ကော်မရှင်အဖွဲ့ ရုံးနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း

၃၈။ လွှတ်တော်သည် ကော်မရှင်အတွက် လုံလောက်သော ဘဏ္ဍာငွေ ရရှိစေရေး အာမခံရမည်။ ၎င်းသည် ကော်မရှင်နှင့် တိုင်ပင်ဆွေးနွေးပြီး ကော်မရှင်၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ ကော်မရှင်၏ နှစ်စဉ် ဘတ်ဂျက် လျာထားမှုကို ဆုံးဖြတ်ရမည်။

၃၉။ ကော်မရှင်သည် ၎င်း၏ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန် ကော်မရှင် ဌာနချုပ် ရုံးနှင့် ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည်။

၄၀။ ကော်မရှင်သည် ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့် ရှိသည်။

၄၁။ ကော်မရှင်သည် ဒေသအလိုက် သို့မဟုတ် အကြောင်းအရာအပေါ် အခြေခံသည့် အထူးလုပ်ငန်းအဖွဲ့နှင့် အလုပ်အဖွဲ့များကို ဖွဲ့စည်းနိုင်ပြီး ဤဥပဒေတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် တာဝန်သတ်မှတ်ပေးနိုင်သည်။

၄၂။ ကော်မရှင်၏ လုပ်ငန်းများနှင့် တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ် ရေးဆွဲရမည်။ လိုအပ်သော အရာရှိများနှင့် ဝန်ထမ်းများအား ခန့်အပ်ရာတွင် ကျား-မ တန်းတူရေး၊

တိုင်းရင်းသားနှင့် လူနည်းစု ကိုယ်စားပြုမှု နှင့် အတွေ့အကြုံများကို အဓိက စဉ်းစားချက်များအဖြစ် ထည့်သွင်းစဉ်းစားရမည်။

၄၃။ ကော်မရှင်သည် ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ်ကို ဖွဲ့စည်းရမည်ဖြစ်ပြီး အဖွဲ့အစည်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို အများပြည်သူ သိရှိနိုင်ရေး ထုတ်ပြန်ထားရမည်။ ဝန်ထမ်းများကို မတူညီသော နောက်ခံများမှ ကျား-မ တန်းတူရေးအား အာမခံမှုရှိစွာဖြင့် မတူကွဲပြားသော နောက်ခံရှိကြသည့် ဝန်ထမ်းအဖွဲ့ဝင်များကို အတွေ့အကြုံနှင့် စွမ်းဆောင်ရည်အပေါ် အခြေခံ၍ ခန့်ထားရမည် ဖြစ်ပြီး ကောင်းမွန်သော သင်တန်းများနှင့် လစာများကို ခံစားခွင့်ရှိသည်။ ကျား-မ တန်းတူရေး၊ တိုင်းရင်းသားနှင့် လူနည်းစု ကိုယ်စားပြုမှု နှင့် အတွေ့အကြုံများကို အဓိက စဉ်းစားချက်များအဖြစ် ထည့်သွင်းစဉ်းစားရမည်။

၄၄။ ကော်မရှင်သည် ဤဥပဒေအောက်တွင် သတ်မှတ်ထားသော တာဝန်ဝတ္တရားများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော ဘတ်ဂျက် ခန့်မှန်းချက်ကို ပြင်ဆင်ပေးရမည်။

၄၅။ ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ၎င်း၏ လွတ်လပ်မှုအပေါ် အပေးအယူ မရှိသည့် နှောင်ကြိုးမဲ့ ဘဏ္ဍာရေး အကူအညီကို လူပုဂ္ဂိုလ်ထံမှဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းထံမှဖြစ်စေ လက်ခံနိုင်သည်။

၄၆။ ကော်မရှင်သည် ဝင်ငွေ၊ နှစ်ပတ်လည် စာရင်းစစ်မှတ်တမ်းများ၊ အသုံးစားရိတ်များ၊ ပိုင်ဆိုင်မှုများ၊ ငွေပေးချေမှုအတွက် တာဝန်ခံမှုများ အပါအဝင် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေး မှတ်တမ်းများကို ထိန်းသိမ်းပြီး ဝင်ငွေ ဥပဒေများကို လိုက်နာရမည်။

၄၇။ ကော်မရှင်၏ လုပ်ငန်းလည်ပတ်မှုများတွင် ဝင်ငွေ၊ ရန်ပုံငွေများနှင့် ငွေကြေးလွှဲပြောင်းမှုများ အပေါ် အကောက်အခွန် ကင်းလွတ်ခွင့် ရှိရမည်။

၄၈။ ကော်မရှင်သည် ၎င်း၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်းမှ လွဲ၍ ၎င်းရရှိသော အချက်အလက်များကို အခြား နည်းလမ်းအတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

## အခန်း (၇)

## အထွေထွေ သတ်မှတ်ချက်များ

၄၉။ ဤမှစ၍ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၁/၂၀၁၄ (၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ရက်) ကောဇာ သက္ကရာဇ် ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်တွင် ပြန်ဌာန်းခဲ့သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကို အစားထိုးပြီး အထက်ဖော်ပြပါ ဥပဒေအောက်တွင် တည်ထောင်ထားသော မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖျက်သိမ်းလိုက်သည်။

၅၀။ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ကို အခြေခံလျက် မြန်မာနိုင်ငံ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီသို့ အသွင်ကူးပြောင်းမှုအပေါ် မျှော်မှန်းလျက် ဤဥပဒေကို ရေးဆွဲသည်။

၅၁။ ဤဥပဒေ သတ်မှတ်ချက်များကို အကောင်အထည်ဖော်ရန် အမိန့်များ၊ နားလည်မှု စာချွန်လွှာများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်း စာရွက်စာတမ်းများကို ထုတ်ပြန်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ)**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတ ဖက်ဒရယ်ဒီမိုကရက်တစ် မြန်မာနိုင်ငံတော်**